စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန


# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ အကောင်အထည်ဖော်မှု တင်ပြချက်


ကျော်ဇေယျ

ဦးစီးအရာရှိ


နေပြည်တော်

၅-၇-၂၀၂၅

**The Law of Protection of Farmer's Rights and Enhancement of their Benefits**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့်
အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ
(၂၀၁၂ ခုနှစ်)

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့်
အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်)

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့်
အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို
ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ
(၂၀၁၈ ခုနှစ်)

**The Rules for Protection of Farmer's Rights and Enhancement of their Benefits**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ
(၂၀၁၅ ခုနှစ်)

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို
ပြင်ဆင်သည့် နည်းဥပဒေများ
(၂၀၁၅ ခုနှစ်)

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို
ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ
(၂၀၂၀ ပြည့်နှစ်)

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်း (ပုဒ်မ ၄)

အစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများ နှင့်သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်း အတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များ။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

**အဖွဲ့ခေါင်းဆောင်**
(ဒုတိယဝန်ကြီးချုပ်)

**အတွင်းရေးမှူး**
ပြည်ထောင်စုဝန်ကြီး
(စိုက်/မွေး/ဆည်)

**တွဲဖက်အတွင်းရေးမှူး(၁)**
ဒုတိယဝန်ကြီး
(စိုက်ပျိုးရေး)

**တွဲဖက်အတွင်းရေးမှူး(၂)**
ဒုတိယဝန်ကြီး
(မွေးမြူရေး)

- ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး(ပို့/ဆက်)
- ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး(စီမံ/ဘဏ္ဍာ)
- ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်(ဥပဒေရေးရာ)
- ပြည်ထောင်စုဝန်ကြီး (ပြန်ကြားရေး)
- ပြည်ထောင်စုဝန်ကြီး (သမ/ကျေးလက်)
- ပြည်ထောင်စုဝန်ကြီး (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)
- ပြည်ထောင်စုဝန်ကြီး (လျှပ်စစ်စွမ်းအား)
- ပြည်ထောင်စုဝန်ကြီး (စွမ်းအင်)
- ပြည်ထောင်စုဝန်ကြီး (စီးပွား/ကူးသန်း)
- ပြည်ထောင်စုဝန်ကြီး (လူ/ကယ်/ပြန်)
- ဥက္ကဋ္ဌ (နေပြည်တော်ကောင်စီ)
- ဝန်ကြီးချုပ်များ (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ)
- ဥက္ကဋ္ဌ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)
- အမြဲတမ်းအတွင်းဝန်(စိုက်/မွေး/ဆည်)
- ညွှန်ကြားရေးမှူးချုပ်များ (၅) ဦး(စိုက်ပျိုးရေးဦးစီးဌာန/ မွေးမြူရေးနှင့်ကုသရေး/ ငါးလုပ်ငန်း/ သမဝါယမ/ ကျေးလက်)
- ဥက္ကဋ္ဌ (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်)
- ဥက္ကဋ္ဌ (ဗဟိုသမဝါယမအသင်း)
- ဒေါက်တာဇော်ဦး (ပြင်ပပညာရှင်)

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ

## ပုဒ်မ ၃။ ရည်ရွယ်ချက်

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(ခ) ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ

## ပုဒ်မ ၃။ ရည်ရွယ်ချက်(အဆက်)

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်၊

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေပါ တောင်သူလယ်သမားများ၏ အခွင့်အရေးများ

(က) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ရွေးချယ်စိုက်ပျိုးခွင့်၊

(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သင့်တင့်သောစိုက်ပျိုးစရိတ် ချေးငွေ၊ မွေးမြူရေးစရိတ် ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ တောင်သူလယ်သမားများ၏ အခွင့်အရေးများ (အဆက်)

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(စ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ သတ်မှတ်ထားသည့် စိုက်ပျိုးမြေများကို တည်ဆဲဥပဒေများနှင့်အညီ အသုံးချပိုင်ခွင့်၊

## ချေးငွေနှင့် အကူအညီများပေးခြင်း

**ပုဒ်မ၃၊ ပုဒ်မခွဲ(က)အရ-**

- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်စေရေး အထောက် အကူပြုနိုင်စေရန် နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေနှင့် နှစ်တို၊ နှစ်ရှည် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။
- နှစ်စဉ်ရာသီအလိုက်စိုက်ပျိုးစရိတ် ချေးငွေ (မိုး၊ ဆောင်း၊ မိုးကြို)များကို တစ်နှစ်လျှင် (၃)ကြိမ် ထုတ်ချေးပေးလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်အတွင်း ၂၀၂၄ မိုးချေးငွေ ကျပ် (၄၉၄.၉၂)ဘီလီယံ၊ ၂၀၂၄ ဆောင်းချေး ငွေကျပ် (၁၂၀.၆၉) ဘီလီလံ၊ ၂၀၂၅ မိုးကြိုချေးငွေ ကျပ် (၇.၅၃) ဘီလီယံ၊ စုစုပေါင်းချေးငွေ ကျပ် (၆၂၃.၁၄) ဘီလီယံ ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါသည်။

# ချေးငွေနှင့် အကူအညီများပေးခြင်း(အဆက်)

- လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းဖြင့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန်နှင့် လယ်ယာကို အခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၃၁-၃-၂၀၂၅ ရက်နေ့အထိ တောင်သူ (၅၈၁၆)ဦးအတွက် ချေးငွေကျပ်(၂၄၇.၄၅) ဘီလီယံ ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။

- စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့် တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များအတွက်လည်း နှစ်တို၊ နှစ်ရှည် နှစ်ဆင့်ချေးငွေများကို ထုတ်ချေးပေးခဲ့ရာ ချေးငွေ ကျပ်(၃၅.၉၂) ဘီလီယံထုတ်ချေးနိုင်ခဲ့ပါသည်။

## လုပ်ကွက်ငယ်တောင်သူလယ်သမားများအား ကူညီထောက်ပံ့ခြင်း

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်၊ ပျက်စီးသည့် တောင်သူလယ်သမားများအား နစ်နာမှုမရှိစေရေးအတွက် ပျက်စီးမှု၏ တစ်စိတ်တစ်ပိုင်းအား နိုင်ငံတော်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် ရန်ပုံငွေမှ တောင်းခံ၍ ပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက ပျက်စီး သည့် သီးနှံအဆင့်အလိုက် ပံ့ပိုးနိုင်ရေးအတွက် ထိခိုက်မှုကို ကွင်းဆင်း တိုင်းတာဆောင်ရွက်ခြင်း၊ ထိခိုက်ပျက်စီးမှုအား သက်ဆိုင်ရာဦးစီးဌာနနှင့် အတည်ပြုချက်ရယူခြင်း၊ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေရရှိအောင် ဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပံ့ပိုးခြင်းတို့ ပါဝင် ပါသည်။

# သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုအပေါ် နိုင်ငံတော်သမ္မတ သီးသန့်ရန်ပုံငွေ/အရေးပေါ်ရန်ပုံငွေ မှ ထောက်ပံ့ပေးမှုအခြေအနေ

| စဉ် | ခုနှစ် | ပျက်စီးဧက | ထောက်ပံ့ပေးအပ်မှု (ကျပ်သန်း) |
|---|---|---|---|
| ၁ | ၂၀၁၃ - ၂၀၁၄ ခုနှစ် | ၈၀၀၄၄.၀၀ | ၁၈၆၉.၇၃၇၀ |
| ၂ | ၂၀၁၄ - ၂၀၁၅ ခုနှစ် | ၆၀၃၄၇.၈၁ | ၁၁၆၀.၄၃၉၀ |
| ၃ | ၂၀၁၅ - ၂၀၁၆ ခုနှစ် | ၄၈၉၈၆၁.၁၈ | ၃၉၈၃.၇၈၇၀ |
| ၄ | ၂၀၁၆ - ၂၀၁၇ ခုနှစ် | ၄၃၈၈၂၈.၇၀ | ၄၆၆၄.၈၃၁၁ |
| ၅ | ၂၀၁၇- ၂၀၁၈ခုနှစ်<br>(၂၀၁၈ (၆)လ ဘတ်ဂျက်) | ၃၂၁၆၉၀.၅၄ | ၄၃၃၇.၁၆၁၀ |
| ၆ | ၂၀၁၈ - ၂၀၁၉ ခုနှစ် | ၉၂၈၃၂၅.၁၉ | ၁၄၆၄၃.၃၀၁၄ |
| ၇ | ၂၀၁၉-၂၀၂၀ ခုနှစ် | ၄၇၀၁၄၇.၀၀ | ၃၇၅၂.၇၈ |

- ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း တောင်သူလယ်သမားများ သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးထိခိုက်ပျက်စီးပြန်စိုက် (၈၃၁၃၃) ဧကများအပေါ်တွင် စပါးအထွက်နှုန်း မလျော့နည်းစေရေးအတွက် ယူရီးယားဓာတ်မြေဩဇာတန် (၂၀၀၀)ကို တိုင်းဒေသကြီး/ ပြည်နယ် (၁၃)ခုသို့ ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၂၁ခုနှစ် မိုးရာသီတွင် ရေကြီး နစ်မြုပ်မှုကြောင့် မွန်ပြည်နယ်အတွင်း မိုးစပါးထိခိုက် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော မျိုးစပါး (၄၁၅၈)တင်းအား အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

# မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့မှုအခြေအနေ

- ရခိုင်ပြည်နယ်တွင် (၁၄.၅.၂၀၂၃)ရက်နေ့တွင် တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းကြောင့် တောင်သူများ သိုလှောင်ထားသော မျိုးစပါးများ ရေစိုပျက်စီးခဲ့၍ အချိန်မီစိုက်ပျိုးနိုင်ရန် မျိုးစပါး (၇၃၃၉၇)တင်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်သို့ ထောက်ပံ့ပို့ဆောင်ပေးခဲ့ပါသည်။ မိုခါမုန်တိုင်းသင့် မြို့နယ်(၈)မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း (၂၁၇)အုပ်စု၊ တောင်သူပေါင်း (၁၄၀၉၃)ဦးအား ထောက်ပံ့မျိုးစပါး ပေါ်ဆန်းရင် (၄၀၀၆၇)တင်း၊ GW-11 (၂၁၅၀၀)တင်း၊ နံ့ကောက် (၇၈၃၀) တင်း နှင့် ကြာပျံ (၄၀၀၀) တင်း၊ စပါးတင်းပေါင်း (၇၃၃၉၇) တင်းအား ရခိုင်ပြည်နယ်အစိုးရ အဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့ပါသည်။



မောင်တောမြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း




ပုဏ္ဏားကျွန်းမြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း



မြောက်ဦးမြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း




ကျောက်တော်မြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း



ပေါက်တောမြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း



ဘူးသီးတောင်မြို့နယ် တောင်သူများသို့
မျိုးစပါးများ ကူညီထောက်ပံ့ခြင်း




ရသေ့တောင်မြို့နယ် တောင်သူများသို့ မျိုးစပါးများ ကူညီထောက်ပံ့ခြင်း




စစ်တွေမြို့နယ် တောင်သူများသို့ မျိုးစပါးများ ကူညီထောက်ပံ့ခြင်း

# ရာဂီမုန်တိုင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု အခြေအနေ

- ရာဂီတိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာနိုင်ငံတွင် ၉-၉-၂၀၂၄ ရက်နေ့မှစ၍ မိုးစဉ် ဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၇)ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ မိုးစပါးနှင့် မိုးသီးနှံများ ရေကြီးနစ်မြုပ် ထိခိုက်၊ ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ရေကြီးရေလျှံမှုတို့ကြောင့် ၃၁-၁၀-၂၀၂၄ ရက်နေ့အထိ မိုးစပါးနှင့် မိုးသီးနှံစုစုပေါင်း (၄၉၃,၁၈၂)ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး၊ ထိခိုက်မှုအနေဖြင့် (၃၅၄,၂၇၄) ဧက ဖြစ်ပေါ်ခဲ့ကာ ပျက်စီးမှု (၂၂၈,၇၅၄)ဧက ဖြစ်ပေါ်ခဲ့ပါသည်။

# ရာဂီမုန်တိုင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နှစ်မြုပ် (ဧက) | ထိခိုက် (ဧက) | ပျက်စီး (ဧက) |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၅၇၈၄ | ၄၈၂၇၁ | ၃၅၄၉၂ |
| ၂ | ကရင် | ၃၅၃၉၁ | ၃၁၂၉၆ | ၁၄၄၆၁ |
| ၃ | ပဲခူး | ၁၂၂၄၈၈ | ၁၀၁၂၁၃ | ၇၇၉၁၆ |
| ၄ | မကွေး | ၃၆၂၉ | ၃၆၃၉ | ၁၀ |
| ၅ | မန္တလေး | ၂၀၆၉၄၅ | ၁၂၀၄၃၆ | ၆၄၅၉၉ |
| ၆ | ရှမ်း | ၆၅၀၂၉ | ၄၉၁၇၂ | ၃၆၀၂၉ |
| ၇ | ဧရာဝတီ | ၃၉၁၆ | ၂၄၇ | ၂၄၇ |
| ပြည်ထောင်စုချုပ် | | ၄၉၃၁၈၂ | ၃၅၄၂၇၄ | ၂၂၈၇၅၄ |

# ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့မှုအခြေအနေ

- ရာဂီတိုင်ဖွန်း မုန်တိုင်း၏အရှိန်ကြောင့် သီးနှံများထိခိုက် ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးရန်နှင့် ထိခိုက်ဧကများ အထွက်နှုန်း မလျော့နည်းစေရေးအတွက် မျိုးစပါး၊ သွင်းအားစုများပံ့ပိုးနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ ကျပ်သိန်း (၁၀,၀၀၀) လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

- မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ထောက်ပံ့လှူဒါန်းသည့် ကျပ်သိန်း (၅,၀၀၀) ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပါသည်-

(က) ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်များအနက် နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးစပါး ပြန်လည်စိုက်ပျိုးမည့် ဧရိယာများအနက် မျိုးစပါး လိုအပ်ချက်ရှိသည့် (၇,၇၇၃)ဧကအတွက် တစ်ဧကလျှင် မျိုးစေ့ တစ်တင်း (၃၅,၀၀၀) ကျပ်နှုန်းဖြင့် ပံ့ပိုးပေးပြီးဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်မှုရှိသော ဧရိယာများမှ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးစပါး ပြန်စိုက်သောဧရိယာနှင့် ထိခိုက်မှုရှိသော ဧရိယာများအနက်မှ (၈,၁၉၅) ဧကအတွက် ရွက်ဖြန်းမြေသြဇာ (၁၄,၀၀၀) ကျပ်နှုန်းနှင့် ပိုးသတ်ဆေး(၁၃,၈၁၅)ကျပ် နှုန်းထောက်ပံ့ခဲ့ပြီးဖြစ်ပါသည်။

- ထို့အပြင် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ ထောက်ပံ့ လှူဒါန်းသည့် ကျပ်သိန်း (၅,၀၀၀) တန်ဖိုးရှိသည့် မတ်ပဲမျိုးစေ့ (၂,၆၉၂)တင်း၊ ပဲတီစိမ်းမျိုးစေ့ (၁,၃၀၅)တင်းအား မိုးစပါးပြန်လည် မစိုက်ပျိုးနိုင်သည့် ဧရိယာများအတွက် ပံ့ပိုးသွားမည်ဖြစ်ရာ မတ်ပဲကို နေပြည်တော်ကောင်စီနယ်မြေတွင် (၄၀၀)တင်း၊ ကရင်ပြည်နယ်တွင် (၁၀၀)တင်း၊ ပဲခူးတိုင်းဒေသကြီးတွင် (၁,၇၀၀)တင်း၊ မန္တလေးတိုင်းဒေသကြီးတွင် (၄၉၂) တင်း စုစုပေါင်း (၂,၆၉၂)တင်း၊ ပဲတီစိမ်းသီးနှံကို ကရင်ပြည်နယ်တွင် (၁၀၀) တင်း၊ ပဲခူးတိုင်းဒေသကြီးတွင် (၉၀၀)တင်း၊ မန္တလေးတိုင်းဒေသကြီးတွင် (၃၀၅)တင်း စုစုပေါင်း (၁,၃၀၅)တင်း ပံ့ပိုးပေးပြီး ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ်၊ ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော မိုးစပါးများ ပြန်လည်အစားထိုး စိုက်ပျိုးမည့်ဧရိယာများအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် ကျပ်သိန်း(၅၀၀၀)ဖြင့် မျိုးစပါး ထောက်ပံ့မှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | မြို့နယ် | ထိခိုက် (ဧက) | ပျက်စီး (ဧက) | ပြန်စိုက်မည့် ဧရိယာအပေါ် မျိုးလိုအပ်ချက်(တင်း) | ထောက်ပံ့ပေးမည့် မျိုးစပါးအတွက် ကုန်ကျစရိတ် (ကျပ်) | |
|---|---|---|---|---|---|---|---|
| | | | | | | နှုန်း | တန်ဖိုး |
| ၁။ | နေပြည်တော် | ၆ | ၄၃,၈၄၁ | ၃၂,၀၂၃ | ၉၈၇ | ၃၅,၀၀၀ | ၃၄,၅၄၅,၀၀၀ |
| ၂။ | ကရင် | ၃ | ၃၁,၂၉၆ | ၁၄,၄၆၁ | ၅,၉၈၆ | ၃၅,၀၀၀ | ၂၀၉,၅၁၀,၀၀၀ |
| ၃။ | ပဲခူး | ၇ | ၁၀၀,၀၅၈ | ၇၇,၉၁၆ | ၆၀၀ | ၃၅,၀၀၀ | ၂၁,၀၀၀,၀၀၀ |
| ၄။ | မန္တလေး | ၉ | ၇၀,၆၂၃ | ၃၁,၇၆၉ | ၂၀၀ | ၃၅,၀၀၀ | ၇,၀၀၀,၀၀၀ |
| | **ပေါင်း** | **၂၅** | **၂၄၅,၈၁၈** | **၁၅၆,၁၆၉** | **၇,၇၇၃** | **၃၅,၀၀၀** | **၂၇၂,၀၅၅,၀၀၀** |

- ၂-၁၀-၂၀၂၄ နေ့အထိ ပျက်စီးမှုဧကများမှ မိုးစပါးပြန်လည်စိုက်ပျိုးမည့်ဧရိယာအပေါ် မျိုးလိုအပ်ချက်တင်းအား မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် သိန်း (၅,၀၀၀) အနက်မှ မျိုးစပါးအတွက် ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။
- မျိုးလိုအပ်ချက်အရ နေပြည်တော်ကောင်စီနယ်မြေတွင် (၉၈၇)တင်း၊ ကရင်ပြည်နယ်တွင် (၅,၉၈၆)တင်း၊ ပဲခူးတိုင်းဒေသကြီးတွင်(၆၀၀)တင်း၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၀၀)တင်း **စုစုပေါင်း (၇,၇၇၃)တင်းအား** တစ်တင်းလျှင် (၃၅,၀၀၀)ကျပ်နှုန်းဖြင့် ပံ့ပိုးခြင်း ဖြစ်ပါသည်။

## ၂၀၂၄-၂၀၂၅ ခုနှစ်၊ ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သော မိုးစပါးဧရိယာများတွင် ပြန်လည်ကုစားနိုင်ရေးအတွက် ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးနိုင်ရေး ကုန်ကျစရိတ် တွက်ချက်မှု

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | မြို့နယ် | ထိခိုက် (ဧက) | ပျက်စီး (ဧက) | မိုးစပါးထိခိုက်ဧရိယာများအား ပြန်လည်ကုစားနိုင်ရန် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေးအတွက် ကုန်ကျစရိတ်(ကျပ်) | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | ပျက်စီး/ ထိခိုက် ဧရိယာ အနက် ပံ့ပိုးမည့် ဧက | ရွက်ဖျန်းမြေသြဇာ | | ပိုးသတ်ဆေး | | စုစုပေါင်း |
| | | | | | | နှုန်း | တန်ဖိုး | နှုန်း | တန်ဖိုး | |
| ၁။ | နေပြည်တော် | ၆ | ၄၃,၈၄၁ | ၃၂,၀၂၃ | ၁,၆၆၅ | ၁၄,၀၀၀ | ၂၃,၃၁၀,၀၀၀ | ၁၃,၈၁၅ | ၂၃,၀၀၁,၉၇၅ | ၄၆,၃၁၁,၉၇၅ |
| ၂။ | ပဲခူး | ၇ | ၁၀၀,၀၅၈ | ၇၇,၉၁၆ | ၃,၈၄၆ | ၁၄,၀၀၀ | ၅၃,၈၄၄,၀၀၀ | ၁၃,၁၈၅ | ၅၃,၁၃၂,၄၉၀ | ၁၀၆,၉၇၆,၄၉၀ |
| ၃။ | မန္တလေး | ၉ | ၇၀,၆၂၃ | ၃၁,၇၆၉ | ၂,၆၈၄ | ၁၄,၀၀၀ | ၃၇,၅၇၆,၀၀၀ | ၁၃,၁၈၅ | ၃၇,၀၇၉,၄၆၀ | ၇၄,၆၅၅,၄၆၀ |
| | **ပေါင်း** | **၂၂** | **၂၁၄,၅၂၂** | **၁၄၁,၇၀၈** | **၈,၁၉၅** | **၁၄,၀၀၀** | **၁၁၄,၇၃၀,၀၀၀** | **၁၃,၈၁၅** | **၁၁၃,၂၁၃,၉၂၅** | **၂၂၇,၉၄၃,၉၂၅** |

- ၂-၁၀-၂၀၂၄ နေ့အထိ မိုးစပါးပြန်စိုက်သောဧရိယာနှင့် ထိခိုက်မှုရှိသောဧရိယာများအတွက် ပြန်လည်ကုစားနိုင်ရန် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ လှူဒါန်းသည့် သိန်း (၅,၀၀၀) အနက်မှ ရွက်ဖြန်းမြေသြဇာနှင့် ပိုးသတ်ဆေးများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။
- အထက်ဖော်ပြပါ တိုင်းဒေသကြီး (၃)ခုမှ မိုးစပါးပြန်လည်စိုက်ပျိုးမည့် ဧရိယာ (၁,၇၈၇)ဧက အပြင် မိုးစပါး ထိခိုက်မှုရှိသော ဧရိယာ (၆,၄၀၈) ဧက စုစုပေါင်း(၈,၁၉၅)ဧကအား ပြန်လည်စိုက်ပျိုး/ကုစားနိုင်ရေးအတွက် ရွက်ဖြန်းမြေသြဇာအား တစ်ဧကလျှင် (၁၄,၀၀၀)ကျပ်နှုန်းဖြင့် လည်းကောင်း၊ပိုးသတ်ဆေးအား(၁၃,၈၁၅)ကျပ်နှုန်းဖြင့်လည်းကောင်းပံ့ပိုးပေးခြင်းဖြစ်ပါသည်။

## ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော မိုးစပါးစိုက်ဧရိယာများတွင် မတ်ပဲနှင့် ပဲတီစိမ်း ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)မှ လှူဒါန်းသည့် ထောက်ပံ့ငွေ ကျပ်သိန်း(၅၀၀၀)နှင့်ညီမျှသော မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များပံ့ပိုးမှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ထိခိုက် (ဧက) | ပျက်စီး (ဧက) | ပြန်စိုက်မည့်ဧက | | | ပံ့ပိုးမည့်ဧက | | မတ်ပဲမျိုးစေ့ | | ပဲတီစိမ်းမျိုးစေ့ | | စုစုပေါင်း တန်ဖိုး (ကျပ်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | မတ်ပဲ | ပဲတီစိမ်း | ပေါင်း | မတ်ပဲ | ပဲတီစိမ်း | နှုန်း | တန်ဖိုး (ကျပ်) | နှုန်း | တန်ဖိုး (ကျပ်) | |
| ၁ | နေပြည်တော် | ၄၃,၈၄၁ | ၃၂,၀၂၃ | ၂,၀၀၀ | - | ၂,၀၀၀ | ၄၀၀ | - | ၁၃၀,၀၀၀ | ၅၂,၀၀၀,၀၀၀ | - | - | ၅၂,၀၀၀,၀၀၀ |
| ၂ | ကရင် | ၃၁,၂၉၆ | ၁၄,၄၆၁ | ၁,၁၂၉ | ၂,၀၄၉ | ၃,၁၇၈ | ၁၀၀ | ၁၀၀ | ၁၃၀,၀၀၀ | ၁၃,၀၀၀,၀၀၀ | ၁၁၅၀၀၀ | ၁၁,၅၀၀,၀၀၀ | ၂၄,၅၀၀,၀၀၀ |
| ၃ | ပဲခူး | ၁၀၀,၀၅၈ | ၇၇,၉၁၆ | ၃၃,၅၉၈ | ၁၄,၀၀၀ | ၄၇,၅၉၈ | ၁,၇၀၀ | ၉၀၀ | ၁၃၀,၀၀၀ | ၂၂၁,၀၀၀,၀၀၀ | ၁၁၅၀၀၀ | ၁၀၃,၅၀၀,၀၀၀ | ၃၂၄,၅၀၀,၀၀၀ |
| ၄ | မန္တလေး | ၇၀,၆၂၃ | ၃၁,၇၆၉ | ၅,၀၀၀ | ၄,၀၀၀ | ၉,၀၀၀ | ၄၉၂ | ၃၀၅ | ၁၃၀,၀၀၀ | ၆၃,၉၆၀,၀၀၀ | ၁၁၅၀၀၀ | ၃၅,၀၇၅,၀၀၀ | ၉၉,၀၃၅,၀၀၀ |
| ပြည်ထောင်စုချုပ် | | ၂၄၅,၈၁၈ | ၁၅၆,၁၆၉ | ၄၁,၇၂၇ | ၂၀,၀၄၉ | ၆၁,၇၇၆ | ၂,၆၉၂ | ၁၃၀၅ | - | ၃၄၉,၉၆၀,၀၀၀ | - | ၁၅၀,၀၇၅,၀၀၀ | ၅၀၀,၀၃၅,၀၀၀ |

- မတ်ပဲနှင့် ပဲတီစိမ်း တစ်ဧကလျှင် မျိုးစေ့နှုန်း (၁)တင်းဖြင့် တွက်ချက်ထားပါသည်။
- နေရာဒေသအလိုက် မျိုးစေ့ဈေးနှုန်း အပြောင်းအလဲ ရှိနိုင်ပါသည်။
- နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီး/ ပြည်နယ် (၄)ခုတွင် ဖော်ပြပါ ပံ့ပိုးဧကအတိုင်း မတ်ပဲအား (၂၆၉၂)တင်း၊ ပဲတီစိမ်းအား (၁၃၀၅)တင်း ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။



ပျဉ်းမနားမြို့နယ် MRF မှ ထောက်ပံ့ပေးသော မျိုးစပါးများအား လက်ခံရယူခြင်းနှင့် တောင်သူများသို့ဖြန့်ဝေခြင်း




ဥတ္တရသီရိမြို့နယ် MRF မှ ထောက်ပံ့ပေးသော မျိုးစပါးများအား လက်ခံရယူခြင်းနှင့် တောင်သူများသို့ဖြန့်ဝေခြင်း



မန္တလေးတိုင်းဒေသကြီး၌ ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် သီးနှံများ ထိခိုက်၊ ပျက်စီးမှု
အပေါ် ပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ
အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ
အသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့မှ ထောက်ပံ့လှူဒါန်းသော မတ်ပဲနှင့်
ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ဆောင်ရွက်ပြီးစီးမှု ဓာတ်ပုံမှတ်တမ်း




**ကရင်ပြည်နယ်၌ ရာဂီမုန်တိုင်းအရှိန်ကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)မှ ထောက်ပံ့လှူဒါန်းသော မတ်ပဲနှင့်ပဲတီစိမ်း မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်း**




ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်ဖွန်းမုန်တိုင်း "ရာဂီ"ကြောင့်
ထိခိုက်ပျက်စီးမိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းထောက်ပံ့သည့် မျိုးစပါးနှင့်
သွင်းအားစုများ ထောက်ပံ့ပေးအပ်မှု ဓာတ်ပုံမှတ်တမ်းများ

# ရာဂီမုန်တိုင်းမတိုင်မီကာလ ထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့မှု အခြေအနေ

- ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ရာဂီမုန်တိုင်းမတိုင်မီကာလ၌ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆိုပါ ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့သည့် ဒေသများရှိ မိုးစပါးစိုက်ဧက (၈၀၅,၃၄၁)ဧက ထိခိုက်ခဲ့ပြီး (၄၉၁,၇၅၁) ဧက ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုဧကအပေါ် (၁၉၆,၂၉၃) ဧကကို ပြန်လည် စိုက်ပျိုးနိုင်ခဲ့ပါသည်။
- ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါးအပေါ်တွင် ရာဂီမုန်တိုင်းမတိုင်မီ ပြန်လည် စိုက်ပျိုးခဲ့သည့်မိုးစပါး (၁၉၆,၂၉၃) ဧကအတွက် တစ်ဧကလျှင် ကျပ် (၂) သိန်းနှုန်း၏ ၂၅% ဖြစ်သောကျပ် (၉,၈၁၄.၆၅)သန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

- ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် စုစုပေါင်း (၄၄၁၄) ဧကနှင့် မိုင်းတုံမြို့နယ်တွင် (၁၈၀)ဧက ပျက်စီးခဲ့ပြီး ပြန်လည် စိုက်ပျိုးခဲ့သည့် (၃၆၁၁)ဧကအတွက် သီးနှံမျိုးစေ့ တန်ဖိုး ကျပ် (၁၉၇.၁၀) သန်းအား အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

# နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း

- ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နည်းပညာပေးသင်တန်းကို အကြိမ် (၂၃၀၄) ကြိမ်ဖြင့် တောင်သူပေါင်း (၈၁၃၂၄) ဦး၊ ဆွေးနွေးပွဲကို အကြိမ် (၁၇၇၁၁) ကြိမ်ဖြင့် တောင်သူပေါင်း (၄၈၃၈၉၃)ဦး၊ ကွင်းသရုပ်ပြပွဲ (၂၃၀၅) ကြိမ်၊ လက်ကမ်းစာစောင်များဖြန့်ဝေမှုကို စောင်ရေ (၆၂၁၈၁၇) စောင်နှင့် ပိုစတာများ ဆောင်ရွက်နိုင်မှုကို ခုရေ (၂၄၃၂) ခုဖြင့် ပညာပေး ဆောင်ရွက်ခဲ့ပါသည်။

## လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် စျေးနှုန်းနှင့် စျေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော စျေးကွက်နှင့် စျေးနှုန်း ဖြစ်ပေါ်စေရေးအတွက် အစိုဓာတ် (၁၄)ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)၏ အခြေခံရည်ညွှန်းစပါးစျေးနှုန်းကို နှစ်စဉ်ထုတ်ပြန်ကြေညာခဲ့ပါသည်။

# အခြေခံရည်ညွှန်းစပါးဈေးနှုန်း နှစ်အလိုက် ထုတ်ပြန်မှု

| **စဉ်** | **ခုနှစ်** | **ထုတ်ပြန်သည့်နေ့စွဲ** | **ထုတ်ပြန်သည့် တစ်တင်းဈေးနှုန်း** |
|---|---|---|---|
| **(က)** | ၂၀၁၈ | ၂၀၁၈ခုနှစ်၊ မတ်လ(၆)ရက် | ၅၀၀၀ ကျပ် |
| **(ခ)** | ၂၀၁၉ | ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက် | ၅၀၀၀ ကျပ် |
| **(ဂ)** | ၂၀၂၀ | ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ(၂၃)ရက် | ၅၂၀၀ ကျပ် |
| **(ဃ)** | ၂၀၂၁ | ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ(၆)ရက် | ၅၄၀၀ ကျပ် |
| **(င)** | ၂၀၂၂ | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက် | ၆၃၀၀ ကျပ် |
| **(စ)** | ၂၀၂၃ | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက် | ၇၅၀၀ ကျပ် |
| **(ဆ)** | ၂၀၂၄ | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် | ၉၅၀၀ ကျပ် |

# စိုက်ပျိုးရေးဦးစီးဌာန၊ Call Center ၏ ဖုန်းနံပါတ်များ

စိုက်ပျိုးရေးဦးစီးဌာန၊ Call Center ကို (၁.၃.၂၀၁၇ )နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ❖ Hot Line 01-2399555
- ❖ Viber 09 - 764000841
- ❖ ကြိုးဖုန်း 067-3410139
- ❖ Fb account စိုက်ပျိုးရေးဦးစီးဌာန Call Center
- ❖ Fb စာမျက်နှာ www.facebook.com/doamoali
- ❖ Website www.doa.gov.mm နှင့် **www.agri.com.mm**

ရုံးဖွင့်ရက်(နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ) အတွင်း ဖုန်းခေါ်ဆိုမေးမြန်းနိုင်ပါသည်။

**Call Center**: *Hot Line* ***01-2399555***; *Viber* ***09-764000841***; *ကြိုးဖုန်း* ***067-3410139***